သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)

စာရင်းအင်းပညာဌာန

စာရင်းအင်းပညာဌာနမှ တာဝန်ယူ
အကောင်အထည်ဖော် ဖွင့်လှစ်ဆောင်ရွက်မည့်
အဆင့်မြင့်ဘွဲ့လွန်သင်တန်း

## အသုံးချသုတေသနပညာမဟာဘွဲ့
## Master of Applied Research (MAR)



## အသုံးချသုတေသနပညာမဟာဘွဲ့သင်တန်း
## Master of Applied Research (MAR)

- ယနေ့ခေတ်၏ အဖွဲ့အစည်းအသီးသီးတွင် မိမိတို့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန လုပ်ငန်းများကို စနစ်တကျလုပ်ဆောင်နိုင်ပြီး လုပ်ငန်း ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်ရန်
- သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အချက်အလက်များ ကိန်းဂဏန်းများ ကောက်ယူခြင်း(Data Collection)ကို စနစ်တကျနည်းလမ်း မှန်ကန်စွာ ကောက်ယူနိုင်ရန်
- ထိုသို့ ဆောင်ရွက်ရာတွင် ကွန်ပျူတာကိုအသုံးပြုပြီး (Computer Applications and Data Processing) အချက်အလက်များထည့်သွင်းတွက်ချက်နိုင်၍ ကျွမ်းကျင်စွာ တတ်မြောက် အသုံးချနိုင်စေရန်
- သုတေသနများကို စနစ်တကျ လုပ်ဆောင်နိုင်လာပြီး တွေ့ရှိ ချက်အသစ်များကို ဖော်ထုတ်နိုင်စွမ်းရှိသည့် သုတေသန ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်
- သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ လေ့လာနေသည့် နယ်ပယ်အသီးသီးအတွက် မှန်ကန်ထိရောက်သည့် ဆုံးဖြတ် ချက်များကို ချမှတ်နိုင်စေသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ရည်ရွယ်၍ အဆင့်မြင့်ဘွဲ့လွန် သင်တန်းဖြစ် သော အသုံးချသုတေသနပညာမဟာဘွဲ့ (Master of Applied Research – MAR) သင်တန်းကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း) စာရင်းအင်းပညာ ဌာနမှ တာဝန်ယူ အကောင်အထည်ဖော်၍ ၂၀၂၃ ခုနှစ်၊ မေလတွင် ဖွင့်လှစ် သင်ကြားမည် ဖြစ်ပါသည်။

## *** ရရှိလာမည့်အကျိုးကျေးဇူးများ ***

တစ်ဦးတစ်ယောက်ချင်းစီ၏ ပင်ကိုယ်အရည်အသွေး တိုးတက်၍ စူးစမ်းလေ့လာ တွေးခေါ်ဆုံးဖြတ်တတ်လာသော သုတေသနဉာဏ်ပညာများနှင့်အတူ မိမိကိုယ်တိုင်၊ မိမိဝန်းကျင် နှင့် သက်ဆိုင်သည့် နယ်ပယ်အဖွဲ့အစည်းများတွင် အချိန် နှင့် တပြေးညီ ထိရောက်၍ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်ခြင်း၊ လုပ်ငန်းများဆောင်ရွက် ရာတွင် ဆုံးဖြတ်ချက်များလည်း မှန်ကန်စွာ ဆုံးဖြတ် ချမှတ်နိုင်ခြင်းတို့ကို ရရှိပိုင်ဆိုင်လာနိုင်မှာ ဖြစ်ပါသည်။

